# Highlights from DVB Debate’s Youths and Drugs Show

# December 19, 2015

# “How to protect the Youths against Drugs?”

“တန့်ယန်း၊ မူဆယ်၊ နမ့်ခမ်း ရှမ်းမြောက်တလျှောက်က လမ်းဘေးထမင်းဆိုင်တွေမှာကို မူးယစ်ဆေးဝါး ဝယ်စားလို့ရတယ် အမျိုးသမီးတွေလည်းစားတယ် ကလေးတွေလည်း စားတယ်”

မိုင်းသိန်းဇော် - တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့ အမှုဆောင်

---

“သုံးစွဲမှုလျှော့ချရေးပဲလုပ်နေရင် တဖက်မှာ ထုတ်လုပ်မှုကများလာတယ် ကျနော်တို့က ဟန်ချက်ညီညီ ဖြေရှင်းရမယ်ဗျ။ ကျနော် ကချင်ဘက်မှာသွားတုန်းကတွေ့ရတာဆို ၉ နှစ်အရွယ်ကတည်းက သုံးတဲ့သူတွေလည်း သွားတွေ့တယ်။”

ဒေါက်တာလှငွေး - မူးယစ်ဆေးစွဲကုသရေးနှင့် သုတေသနဌာနတာဝန်ခံဆရာဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန

---

“ဘိန်းစိုက်ပျိုးတာကို အရင်လျှော့ချရမယ် အစားထိုးစပါးကို မြှင့်စိုက်နိုင်အောင် လုပ်ပေးရမယ်။ ချက်ချင်းလက်ငင်း ဝင်ငွေမတိုးရင်တောင် ဖြည်းဖြည်းချင်းတိုးလာအောင် လုပ်ပေးရမယ် အစိုးရက. ဘိန်းစိုက်ဧရိယာတွေ ဘယ်လောက်ရှိနေလဲ အစိုးရက အပေါ်ကကြည့်နေတာ သိရမယ်”

ဒေါ်ထုမေ - အနိုင်ရအမျိုးသားလွှတ်တော်အမတ်၊ ရခိုင်အမျိုးသားပါတီ

---

“ကျနော်တို့ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းက ဆောက်လုပ်ရေးလုပ်ငန်းလိုမဟုတ်ဘူး ဆောက်လုပ်ရေးလုပ်ငန်းက ကြာလေကောင်းလေ အခု ၂၀၁၉ လုံးဝပပျောက်ရေးစီမံကိန်း အချိန်ထပ်တိုးတာက နောက်ထပ်ဆက်စိုက်လိုက်ပါဦးလို့ အချိန်ထပ်ပေးလိုက်သလိုပဲ ဒီပြဿနာတွေက အမြစ်ကလှန်ပြီး ရှင်းရမှာ”

မိုင်းသိန်းဇော် - တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့ အမှုဆောင်

---

“လွှတ်လပ်ရေးရပြီး နောက်ပိုင်း ပြည်ထဲရေးဝန်ကြီးဌာန လက်ထက်ကစပြီး မူးယစ်ဆေးပြဿနာက တစထက် တစ ပိုဆိုးဆိုးလာနေတယ် ဒါကို ဘာကြောင့် ဒီတိုင်းရပ်ကြည့်နေကြတာလဲ”

ဦးတင်သန်းဦး - ပရိသတ်

---

"ရခိုင်ဘက်မှာဆို အရင်ခေတ်တွေတုန်းက အရက်ဆိုင်ဖွင့်မယ်ဆိုရင် အခွန်တိုးကောက်တာတွေရှိတယ် အခုကတော့ အိမ်တိုင်းလိုလို အရက်ဆိုင်တွေဖြစ်နေပြီ.အရက်တွေအမျိုးစုံလည်း ရခိုင်ကိုဝင်နေတာလည်း ဒလဟောပဲ စာရင်းကောက်လို့တောင်ရမှာမဟုတ်ဘူး"

ဒေါ်ထုမေ - အနိုင်ရအမျိုးသားလွှတ်တော်အမတ်၊ ရခိုင်အမျိုးသားပါတီ